# မိသားစု ပြန်လည်ပေါင်းစည်းရေး အမိန့်

အချက်အလက်စာရွက်

Children's Court သည် ကလေး၏ လုံခြုံရေးနှင့် ဖွံ့ဖြိုးကြီးထွားမှုမှာ အန္တရာယ်အလားအလာရှိကြောင်းနှင့် ကလေးမှာ ကာကွယ်စောင့်ရှောက်မှု လိုအပ်ကြောင်း ဆုံးဖြတ်ပြီးနောက် ကလေးတစ်ယောက်အား မိသားစု ပြန်လည်ပေါင်းစည်းရေး အမိန့် တစ်ရပ်တွင် ထားရှိရန်အမိန့်ချထားသည်။ အမိန့်သည် Department of Health and Human Services (ဌာန) ၏ အတွင်းရေးမှူးအား ကလေး သို့မဟုတ် လူငယ်လူရွယ် အတွက် မိသားစုအနေဖြင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းနေစဉ်အတောအတွင်း စောင့်ရှောက်မှုကိုပေးအပ်စေရန် အမိန့်ရှိစေသည် ထို့ကြောင့် ကလေး သို့မဟုတ် လူငယ်လူရွယ်သည် အိမ်သို့ လုံခြုံစွာဖြင့် ပြန်နိုင်မည်ဖြစ်သည်။

အမိန့်အာဏာတည်စဉ်အတွင်း အတွင်းရေးမှူးတွင် ကလေး သို့မဟုတ် လူငယ်လူရွယ်၏ စောင့်ရှောက်ရေးနှင့်ပတ်သက်၍ နေ့စဉ်နှင့်အမျှ ဆုံးဖြတ်ချက်များကို ချမှတ်ရန် အာဏာရှိသည်၊ ၎င်းတို့အား မည်သူက ကြည့်ရှုစောင့်ရှောက်မည်နှင့် သူတို့အနေဖြင့် မည်သည့် လှုပ်ရှားဆောင်ရွက်မှုများကို ဆောင်ရွက်မည်တို့ အပါအဝင်ဖြစ်ပါသည်။ အဓိက ရေရှည် ပြဿနာများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ၎င်းမှာ အမိန့်၏ စည်းကမ်းချက် တစ်ခု မဟုတ်လျှင် သို့မဟုတ် ဥပဒေအရ အခြားနည်း ခွင့်ပြုထားသည် မဟုတ်လျှင် မိဘ သဘောတူညီချက် မရှိပဲ မချမှတ်နိုင်ပါ။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဌာနသည် မိဘများအား သူတို့၏ ကလေးနှင့်ဆက်နွယ်သည့် ဆုံးဖြတ်ချက်ချမှတ်ရေး၌ တတ်နိုင်သမျှ များများ ပါဝင်စေမည်ဖြစ်ပါသည်။

## မိသားစု ပြန်လည်ပေါင်းစည်းရေး အမိန့်သည် မည်မျှကြာရှည်ခံပါသလဲ။

အကယ်၍ ကလေးတစ်ယောက်သည် မိသားစု ပြန်လည်ပေါင်းစည်းရေး အမိန့် တစ်ရပ် မချမှတ်မီ 12 လထက်နည်း၍ အိမ်ပြင်ပ စောင့်ရှောက်မှု၌ ရှိခဲ့လျှင် မိသားစု ပြန်လည်ပေါင်းစည်းရေး အမိန့်၏ ကနဦး ကာလသည် ကလေးအနေဖြင့် အိမ်ပြင်ပ စောင့်ရှောက်ရေး၌ မည်မျှကြာကြာရှိနေခဲ့သည့်အပေါ် မူတည်မည်ဖြစ်ပြီး ကလေးအား စောင့်ရှောက်မှုတွင် 12 လထက်ကျော်လွန်၍ ထားရှိမည့် ကာလတစ်ခု အတွက် မချမှတ်ရပါ။ အမိန့်ကို အကယ်၍ Children's Court သည် ကလေး သို့မဟုတ် လူငယ်လူရွယ်မှာ ထပ်တိုးပေးလိုက်သည့် အချိန်ကာလ အတွင်း၌ မိဘ စောင့်ရှောက်ရေးသို့ ပြန်သွားနိုင်ဖွယ်ရာရှိကြောင်းနှင့် ၎င်းမှာ သူတို့၏ အကောင်းဆုံး အကျိုးကျေးဇူးများဖြစ်ကြောင်း ယုံကြည်လျှင် 12 လ အထိ ထပ်တိုးပေးနိုင်ပါသည်။ ထပ်တိုးပေးသည့် ကာလမှာ ကလေးအနေဖြင့် အိမ်ပြင်ပ စောင့်ရှောက်ရေး၌ 12 လ ထက်ကျော်လွန်၍ ထားရှိမည့် သက်ရောက်မှုမျိုး မဖြစ်စေရ။

မိသားစု ပြန်လည်ပေါင်းစည်းရေး အမိန့်တစ်ရပ်ကို ကလေးတစ်ယောက်မှာ အိမ်ပြင်ပ စောင့်ရှောက်ရေး၌ စုစုပေါင်း 24 လ ကာလ ရှိနေခဲ့ပြီးနောက် မချမှတ်နိုင်ပါ။ ၎င်းမှာ အဘယ်ကြောင့်ဆိုသော် ၎င်းသည် သူတို့၏ အနာဂတ် စောင့်ရှောက်ရေးနှင့်ပတ်သက်၍ မရေရာမှုဖြင့် ကာလကြာရှည်စွာ နေထိုင်ရန် ကလေးများနှင့် လူငယ်လူရွယ်များ အတွက် ထိခိုက်စေခြင်းကြောင့် ဖြစ်သည်။

## ကလေးသည် မည်သည့်နေရာတွင် နေထိုင်မည်နည်း။

အကယ်၍ ကလေး သို့မဟုတ် လူငယ်လူရွယ် တစ်ဦးသည် Children's Court က ၎င်း၏ဆုံးဖြတ်ချက်ကို ချမှတ်နေစဉ်အတွင်း အိမ်ပြင်ပ စောင့်ရှောက်ရေး၌ နေထိုင်လျက်ရှိလျှင် သူတို့သည် သာမန်အားဖြင့် ၎င်းနေရာတွင်ပင် အနည်းဆုံး အဆိုပါအချိန်အတောအတွင်း နေရလိမ့်မည်ဖြစ်သည်။ ဖြစ်နိုင်လျှင် စောင့်ရှောက်ပေးသူများကို ကလေး သို့မဟုတ် လူငယ်လူရွယ်၏ မိသားစု သို့မဟုတ် မိတ်ဆွေများ အသိုင်းအဝိုင်းအတွင်းမှ ရှာဖွေပါသည်။ သင့်တော်သော စောင့်ရှောက်ပေးသူ တစ်ဦးကို ကလေး သို့မဟုတ် လူငယ်လူရွယ်၏ လက်ရှိ အသိုင်းအဝိုင်းအတွင်း ရှာ၍မရနိုင်သည့်ကိစ္စ၌ မွေးစားစောင့်ရှောက်ရေး ကဲ့သို့သော အခြား အိမ်ပြင်ပ စောင့်ရှောက်ရေး နေရာချထားမှုကို ရှာရပါလိမ့်မည်။

မိသားစု အတူတူမှ မွေးချင်းများက အိမ်ပြင်ပ စောင့်ရှောက်ရေး လိုအပ်သည့်အခါ ၎င်းတို့အား အတူတကွ ထားရှိပေးရန် ကြိုးစားအားထုတ်မှုတိုင်းကို လုပ်ရပါသည်။

## မိဘများသည် သူတို့၏ ကလေးနှင့်အဆက်အသွယ် လုပ်နိုင်ပါသလား။

ကလေးများနှင့် လူငယ်လူရွယ်များအဖို့ သူတို့၏ မိဘများ၊ မွေးချင်းများနှင့် သူတို့အတွက် အရေးကြီးသည့်အခြားလူများတို့နှင့် အဆက်အသွယ်ရှိနေစေရန် အလွန် အရေးကြီးပါသည်။ အမိန့်တွင် ဆက်သွယ်ရမည့် ပမာဏကို ညွှန်ကြားထားသည့် စည်းကမ်းချက်တစ်ခု ရှိကောင်းရှိနိုင်သည်။

ကလေးတစ်ယောက်အတွက် သူတို့၏ မိဘများနှင့်အခြားသူများတို့နှင့် အဆက်အသွယ်ရှိစေရန် အစီအစဉ်ချထားမှုများကို ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းနှင့်အတူ လုပ်နိုင်ပါသည်။ ဆက်သွယ်ရေး အစီအစဉ်ချထားမှုများနှင့်ပတ်သက်၍ ပိုမိုသိရှိရန် ကလေး သို့မဟုတ် လူငယ်လူရွယ်၏ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းကို ဆက်သွယ်ပါ။

VICTORIA State Government
Health and Human Services

## ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် ဘာကိုလုပ်ပါသလဲ။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် အမိန့်ချမှတ်ရေးဆီသို့ ဦးတည်ခဲ့သည့် စိုးရိမ်ပူပန်မှုများနှင့်ပတ်သက်၍ သင်နှင့် ပြောဆိုမည်ဖြစ်ပြီး အမှုကိစ္စ အစီအစဉ်တစ်ရပ် ပြင်ဆင်ရေးဆွဲရန်နှင့် ၄င်းကို အကောင်ထည်ဖော်ဆောင်ရွက်ရန် သင်နှင့်အတူ လုပ်ကိုင်ပါလိမ့်မည်။

အမှုကိစ္စ အစီအစဉ်ကို မကြာခဏ ပြန်လည်သုံးသပ်မည်ဖြစ်ပြီး ဤသို့လုပ်ရာ၌ မိဘများ ပါဝင်ပါလိမ့်မည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် မိဘများနှင့် ကလေး အတွက် လုံခြုံစွာ အိမ်ပြန်လာရန် လိုအပ်သည့် ပြောင်းလဲမှုများနှင့် ကလေး သို့မဟုတ် လူငယ်လူရွယ် အနေဖြင့် သူတို့၏ ဆက်တိုက် သာယာဝပြောရေးနှင့် ဖွံ့ဖြိုးကြီးထွားရေး အတွက် လိုအပ်နိုင်ဖွယ်ရှိသည့် အထောက်အပံ့နှင့် ဝန်ဆောင်မှု အမျိုးအစားတို့ကို ဆွေးနွေးပါမည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် မိဘများအား လိုအပ်သည့် ပြောင်းလဲမှုများကို လုပ်ရန် သူတို့အား ကူညီပေးမည့် အထူးဝန်ဆောင်မှုဌာနကို ရှာဖွေပေးရန် ကူညီပေးပါလိမ့်မည် ထို့ကြောင့် ကလေးသည် အိမ်သို့ လုံခြုံစွာ ပြန်လာနိုင်သည်။

## မိသားစု ပြန်လည်ပေါင်းစည်းရေး အမိန့်ကို ပြောင်း (ပြောင်းလဲ) သို့မဟုတ် ဖျက်သိမ်း (ပယ်ဖျက်) နိုင်ပါသလား။

အကယ်၍ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် အမိန့် အဆုံးသတ်ကာလ မတိုင်မီ မိဘ စောင့်ရှောက်မှုသို့ ပြန်သွားရန် ကလေး သို့မဟုတ် လူငယ်လူရွယ်မှာ လုံခြုံပြီး အကောင်းဆုံး အကျိုးကျေးဇူးဖြစ်ကြောင်း ယုံကြည်လျှင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းအနေဖြင့် အမိန့်ကို မိသားစု ထိန်းသိမ်းထားရေး အမိန့်သို့ ပြောင်းလဲပေးရန်အတွက် စီစဉ်ပေးနိုင်သည်။ ဤဆုံးဖြတ်ချက်၌ ကလေးနှင့် မိဘတို့၏ အမြင်များကို ထည့်သွင်းစဉ်းစားပါလိမ့်မည်။

မိဘ၊ ကလေး သို့မဟုတ် လူငယ်လူရွယ် သို့မဟုတ် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် အကယ်၍ အခြေအနေမှာ ပြောင်းလဲသွားခဲ့ပြီး ကလေးမှာ အန္တရာယ်အတွင်း မကျရောက်တော့ကြောင်း လျှောက်ထားသူအနေဖြင့် ယုံကြည်လျှင် အမိန့်ကို ဖျက်သိမ်ပေးရန် Children's Court သို့လျှောက်ရပါသည်။

အကယ်၍ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် မိသားစု ပြန်လည်ပေါင်းစည်းရေးသို့ လုပ်ကိုင်ရန် ကလေး၏ အကောင်းဆုံး အကျိုးကျေးဇူး မဟုတ်ကြောင်း ယုံကြည်လျှင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် အခြား အမိန့်တစ်ခုကို ရရှိရန် Children's Court သို့လျှောက်ထားပါလိမ့်မည်။ အကယ်၍ Children's Court က သဘောတူလျှင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဌာနအနေဖြင့် တစ်စုံတစ်ယောက်က ကလေးအား ရေရှည် စောင့်ရှောက်ပေးရန် အစီအစဉ်ချထားမှုများကို လုပ်မည်ဖြစ်ပါသည်။

## တရားရုံးတွင် ဖြစ်ပျက်သည်ကို အကယ်၍ ကျွန်ုပ် သဘောမတူလျှင် ဘာဖြစ်မည်နည်း။

အကယ်၍ သင်သည် မိသားစု ပြန်လည်ပေါင်းစည်းရေး အမိန့် တစ်ရပ်အတွက် လျှောက်လွှာကို သဘောမတူလျှင် သင်သည် ၄င်းကို Children's Court ၌ ကန့်ကွက်နိုင်သည်။ အကယ်၍ Children's Court ၏ ဆုံးဖြတ်ချက်မှာ မမျှတဟု သင် ထင်မြင်လျှင် သင့်တွင် County Court သို့အယူခံဝင်ခွင့်ရှိသည်။ ၄င်းကို အမိန့်ချမှတ်ပြီး တစ်လ အတွင်း သင် အယူခံဝင်ရမည်။ အယူခံ လျှောက်လွှာပုံစံများကို သင်နှင့်အနီးဆုံး Children's Court, Magistrate's Court သို့မဟုတ် County Court တို့မှ ရရှိနိုင်ပါသည်။

အကယ်၍ သင်သည် Children's Court ၌ လျှောက်လွှာကို ကန့်ကွက်ရန် ဆုံးဖြတ်လျှင် သို့မဟုတ် Children's Court ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် ဆုံးဖြတ်လျှင် ရှေ့နေတစ်ဦး၏ အကူအညီကို တောင်းခံရန် အကောင်းဆုံးဖြစ်ပါသည်။

## မိဘများနှင့် ကလေးများသည် မည်သည့်နေရာမှ ဥပဒေ အကြံဉာဏ်ကို ရရှိနိုင်ပါသလဲ။

ဥပဒေဆိုင်ရာ အကူအညီနှင့်ပတ်သက်၍ စုံစမ်းမှုများကို အောက်ပါတို့ထံ လုပ်နိုင်ပါသည်-

- တရားရုံးတွင် ၄င်းတို့အား ကိုယ်စားပြုပေးမည့် ရှေ့နေ
- ဒေသတွင်းရှိ ရှေ့နေတစ်ဦး (Yellow Pages ရှိ 'Solicitors' အောက်၌ ဖော်ပြထားသည်)
- Victoria Legal Aid, မဲလ်ဘုန်း ဖုန်းနံပါတ် 1300 792 387
- Law Institute of Victoria, ဖုန်းနံပါတ် (03) 9607 9311
- Victorian Aboriginal Legal Service Co-op Ltd, ဖုန်းနံပါတ် 1800 064 865
- Aboriginal Family Violence Prevention & Legal Service Victoria, ဖုန်းနံပါတ် 1800 105 303
- ဒေသတွင်း လူမှုအသိုင်းအဝိုင်း ဥပဒေဆိုင်ရာ ဝန်ဆောင်မှု

## ဆက်သွယ်ရမည့်သူ အချက်အလက်များ

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ အမည်- ________________________________________

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်- ________________________________________

ဒေသတွင်း Department of Health and Human Services ရုံးအား ဆက်သွယ်ရမည့် ဖုန်းနံပါတ်- __________________________________

ပိုမိုသော အချက်အလက်များအတွက် သင့်ဒေသတွင်းရှိ Department of Health and Human Services ရုံးကို ဆက်သွယ်ပါ။

ဤထုတ်ဝေစာစောင်ကို မသန်မစွမ်းဖြစ်မှုရှိသူများအတွက် ရရှိနိုင်သောပုံစံဖြင့် လက်ခံရယူရန် အီးမေးလ်- cpmanual@dhhs.vic.gov.au ကိုပို့ပါ။

အမှတ် 1 Treasury Place, Melbourne တွင်တည်ရှိသည့် ဗစ်တိုးရီးယားပြည်နယ်အစိုးရမှ ခွင့်ပြုပြီးထုတ်ဝေသည်။

© ဗစ်တိုးရီးယားပြည်နယ်၊ Department of Health and Human Services ဖွန်လ 2016 ခုနှစ်

ဝက်ဘ်ဆိုက် www.dhs.vic.gov.au တွင်ရရှိနိုင်ပါသည်။